ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

ညွှန်ကြားချက်အမှတ် ၊ ၂/၂၀၁၁

နေပြည်တော် ၊ ၁၃၇၃ ခုနှစ် ၊ နတ်တော်လပြည့်ကျော် ၁၃ ရက်

(၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၃ ရက်)

၁။ အသေးစားငွေရေးကြေးရေးလုပ်ငန်း ဥပဒေပုဒ်မ ၆၈ ၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ သည် ဤညွှန်ကြားချက်အမှတ် ၊ ၂/၂၀၁၁ ကို ထုတ်ပြန်လိုက်သည်။

၂။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းများ အသုံးပြုရမည့် လျှောက်လွှာပုံစံများအား အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) **အမ်အက်ဖ်အိုင်(စ်)-၀၁ ပုံစံ**။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများမှ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားရမည့် ပုံစံဖြစ်သည်။ အောက်ပါ အခြေအနေများတွင် ၎င်းပုံစံအား အသုံးပြုရမည်ဖြစ်သည်-

(၁) လုပ်ငန်းစတင်လုပ်ဆောင်ရန် လိုင်စင် စတင်လျှောက်ထားခြင်း၊

(၂) လုပ်ငန်းအမျိုးအစား ပြောင်းလဲလုပ်ကိုင်ခြင်း( အပ်ငွေလက်ခံခြင်းမပြုသည့် အဖွဲ့အစည်း/ အပ်ငွေလက်ခံသည့်အဖွဲ့အစည်း)၊

(၃) အခြားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့်ပူးပေါင်းခြင်း သို့မဟုတ် မိမိ အဖွဲ့အစည်းအား ခွဲခြမ်း ဖွဲ့စည်းခြင်း၊

(၄) ဥပဒေမပြဋ္ဌာန်းမီ အသေးစားငွေရေးကြေးရေးလုပ်ငန်းများ ဆောင်ရွက်နေသော အဖွဲ့အစည်းများမှ ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင် လျှောက်ထားခြင်း။

(ခ) **အမ်အက်ဖ်အိုင်(စ်)-၀၂ပုံစံ**။ အသေးစားငွေရေးကြေးရေး အဖွဲ့အစည်းများသည် ရုံးခွဲများ တည်ထောင်ခြင်း၊ လုပ်ငန်းနေရာရွှေ့ပြောင်းခြင်း ၊ လုပ်ငန်းပိတ်ခြင်း တို့အတွက် လျှောက်ထားရမည့် ပုံစံဖြစ်သည်။

၃။ ဥပဒေပုဒ်မ ၂ ၊ ပုဒ်မခွဲ(ခ)အရ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်ခွင့် ရှိသည့် အဖွဲ့အစည်းများအနက် လောလောဆယ် ဘဏ်များအနေဖြင့် အသေးစားငွေရေးကြေးရေးလုပ်ငန်းကို စနစ်တကျ ကွပ်ကဲရန် အခြေအနေ မပေးသေးသဖြင့် ဘဏ်များမှအပ သက်ဆိုင်ရာ ဥပဒေအရ ဖွဲ့စည်း မှတ်ပုံတင်ထားသော ပြည်တွင်းပြည်ပမှ အဖွဲ့အစည်း၊ အစုစပ်လုပ်ငန်း၊ ကုမ္ပဏီ ၊ သမဝါယမအသင်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများ အနေဖြင့် အသေးစား ငွေရေးကြေးရေးလုပ်ငန်းကို လုပ်ကိုင်နိုင်သည်။

၄။ ဥပဒေပုဒ်မ ၂၉ အရ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းသည် အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ခွင့်ပြုချက်ဖြင့် အသေးစားချေးငွေထုတ်ပေးခြင်း၊ အပ်ငွေလက်ခံခြင်း၊ ငွေလွှဲပြောင်းပေးပို့ခြင်း ၊ အာမခံလုပ်ငန်း လုပ်ကိုင်ခြင်း ၊ ပြည်ပဘွဏ်းပြည်ပမှ ငွေချေးယူခြင်းနှင့်အခြားငွေရေးကြေးရေး လုပ်ငန်းများ ဆောင်ရွက်နိုင်သော်လည်း လောလောဆယ် အောက်ပါလုပ်ငန်းနှစ်မျိုးကိုသာလုပ်ကိုင်ခွင့်လိုင်စင် ချထားပေးမည်ဖြစ်သည်-

(က) အသေးစားချေးငွေထုတ်ပေးခြင်း၊

(ခ) အပ်ငွေလက်ခံခြင်း။

၅။ အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုသည့် အဖွဲ့အစည်းများသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊နေပြည်တော်ကောင်စီ တစ်ခုတည်းသာမဟုတ်ဘဲတစ်ခုထက်ပို၍ လုပ်ကိုင်လိုပါ က အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီသို့ တိုက်ရိုက် လျှောက်ထားရမည်။ ထိုသို့ လျှောက်ထားရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီ အသေးစားငွေရေးကြေးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီများ ၏ စိစစ်ခွင့်ပြုချက်များ ရယူ၍ ပူးတွဲ တင်ပြရမည်။ အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုအတွက် လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်တစ်ခုသာ ချထားပေးမည်ဖြစ်သည်။

၆။ ဥပဒေမပြဋ္ဌာန်းမီ လက်ရှိလုပ်ကိုင်ဆောင်ရွက်လျက်ရှိသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများအနေဖြင့် မတည်ငွေ ကိစ္စနှင့် ပတ်သက်၍ စာရင်းဇယား၊ အထောက်အထားများ ခိုင်လုံစွာ တင်ပြရမည်။ အဆိုပါ အဖွဲ့အစည်းများ အနေဖြင့် စာရင်းဇယား၊ အထောက်အထားများ ခိုင်လုံကြောင်း သက်ဆိုင်ရာ အသေးစားငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးလုပ်ငန်းမှ စစ်ဆေး အတည်ပြုချက်ဖြင့် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် လျှောက်ထားရမည်။

၇။ စာပိုဒ် (၂) ပါသတ်မှတ်ထားသော လျှောက်လွှာပုံစံနမူနာများမှာ နောက်ဆက်တွဲ(က)နှင့်(ခ) တို့ပါအတိုင်းဖြစ်သည်။

လှထွန်း

ဥက္ကဋ္ဌ

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

စာအမှတ်၊ ကက - ၁ / ၆ ( ၂ / ၂၀၁၁ )

ဖြန့်ဝေခြင်း

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း

ကော်မတီဝင်များအားလုံး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များအားလုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

လွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုရှေ့နေချုပ်ရုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

ဦးဆောင်ညွှန်ကြားရေးမှူး } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်

ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } ထည့်သွင်းကြေညာပေးပါရန်

အမိန့်အရ

(ထိန်လင်း)

အတွင်းရေးမှူး

အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ

နောက်ဆက်တွဲ(က)

အမ်အက်ဖ်အိုင်(စ်)-၀၁ပုံစံ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အသေးစားငွေရေးကြေးရေးလုပ်ငန်း
# လုပ်ကိုင်ခွင့်လျှောက်လွှာပုံစံ

ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ရုံးအမှတ်(၂၆)၊ နေပြည်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ ၊

ကျွန်တော်/ကျွန်မ၏ ------------------------ သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အတွင်းတွင် အသေးစားငွေရေးကြေးရေးလုပ်ငန်း လုပ်ကိုင်လိုပါသဖြင့် လုပ်ကိုင်ခွင့် လိုင်စင်ကို လျှောက်ထားအပ်ပါသည်။ ပူးတွဲပါ လိုအပ်သော အချက်အလက်များကို တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

| | |
|---|---|
| လက်မှတ် | ______________________ |
| အမည် | ______________________ |
| ရာထူး | ______________________ |
| ကုမ္ပဏီ/အဖွဲ့အစည်း/လုပ်ငန်းအမည် | ______________________ |

၁။ အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်နှင့်နေရပ်လိပ်စာ..........................................

..........................................

..........................................

၂။ လုပ်ငန်းတာဝန်ခံအကြီးအကဲ၏ အမည်၊ ပညာအရည်အချင်း၊ လုပ်ငန်းအတွေ့အကြုံ..........................................

..........................................

..........................................

၃။ လုပ်ငန်းဆောင်ရွက်မည့်နေရာ(မြို့နယ်/ရပ်ကွက်/ကျေးရွာအုပ်စု/ကျေးရွာ)..........................................

..........................................

..........................................

၄။ ရုံးချုပ်တည်နေရာ..........................................

..........................................

..........................................

၅။ လုပ်ငန်းအမျိုးအစား..........................................

..........................................

..........................................

၆။ လုပ်ငန်းအားကြီးကြပ်ခြင်းနှင့် ကြပ်မတ်ခြင်းစနစ်..........................................

..........................................

..........................................

၇။ လျှောက်ထားသည့်လုပ်ငန်း၏ ထည့်ဝင်ပြီးမတည်ငွေရင်း..........................................

..........................................

..........................................

၈။ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ (သို့မဟုတ်) ဖွဲ့စည်း တည်ထောင်မှုဆိုင်ရာ စာရွက်စာတမ်းများ..........................................

..........................................

..........................................

၉။ တင်ပြရမည့်ဖြစ်နိုင်ချေလေ့လာချက်စာတမ်းတစ်စောင်..........................................

..........................................

..........................................

၁၀။ လုပ်ငန်းဆောင်ရွက်မှုနှင့် ငွေရေးကြေးရေးအခြေအနေတို့နှင့် ပတ်သက်သော အထောက်အထား စာရွက်စာတမ်းများ(လုပ်ငန်းမတည်ငွေကျပ်/ဒေါ်လာ/အလူငွေ/ထောက်ပံငွေ)..........................................

၁၁။ ပြည်ပတွင် တည်ထောင်သော အသေးစားငွေရေးကြေးရေးလုပ်ငန်းတစ်ခုဖြစ်ပါက-

(က) ပင်မအဖွဲ့အစည်း၏အမည်......

(ခ) တည်ထောင်သောရက်စွဲနှင့်နေရာ......

(ဂ) နိုင်ငံသား သို့မဟုတ် နိုင်ငံသားမဟုတ်သူ အစုရှယ်ယာဝင်များ ဦးရေ ၊ ယင်းတို့၏ အစုရှယ်ယာအရေအတွက်......

(ဃ) ရုံးချုပ်တည်နေရာ......

(င) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်း ဆောင်ရွက်မည့် လုပ်ငန်း ပင်မတည်နေရာ

......

......

(စ) မတည်ငွေရင်းပမာဏနှင့် ယင်းပမာဏတွင် ထည့်ဝင်သော အစုရှယ်ယာများ အရေအတွက်......

......

......

(ဆ) အစုရှယ်ယာအမျိုးအစားတစ်ခုထက် ပိုမိုခွင့်ပြုလျှင် အစုရှယ်ယာ အမျိုးအစား တစ်ခုစီကို ဖော်ပြရန်နှင့် ယင်းတို့၏ပိုင်ခွင့်များ၊ အကျိုးခံစားခွင့်များ......

......

......

(ဇ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတွင်းသို့ ယူဆောင်လာသော / ယူဆောင်လာမည့် မတည်ငွေရင်းပမာဏ......

......

......

(ဈ) မပေးနိုင်သည့်အရေအတွက်နှင့်ပတ်သက်၍ အစုရှယ်ယာ အမျိုးအစားအလိုက် အစုရှယ်ယာပိုင်ရှင်များအကြားတွင် ခွဲခြားချက်ရှိလျှင် ဖော်ပြရန်......

......

......

(ည) စာရင်းစစ်က စစ်ဆေးပြီးသော ရုံးချုပ်၏ နောက်ဆုံး လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်း......

......

၁၂။ လုပ်ငန်းမစတင်မီ ပေးသွင်းရမည့် ငွေပမာဏအပါအဝင် ကနဦး မတည်ငွေရင်းနှင့်ပတ်သက်၍ [illegible]

နောက်ဆက်တွဲ(ခ)

အမ်အက်ဖ်အိုင်(စ်)-၀၂ပုံစံ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း အသေးစားငွေရေးကြေးရေးအဖွဲ့အစည်း ရုံးခွဲများတည်ထောင်ရန်/လုပ်ငန်းနေရာရွှေ့ပြောင်းရန်/လုပ်ငန်းပိတ်ရန် ခွင့်ပြုချက်လျှောက်လွှာပုံစံ

ဥက္ကဋ္ဌ
အသေးစားငွေရေးကြေးရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ
ရုံးအမှတ်(၂၆)၊ နေပြည်တော်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ရက်စွဲ၊

ကျွန်တော်/ကျွန်မ၏ ____________________ သည် ရုံးခွဲများ တည်ထောင် / လုပ်ငန်း နေရာ ရွှေ့ပြောင်း/လုပ်ငန်း ပိတ်သိမ်းလိုပါ၍ ခွင့်ပြုနိုင်ပါရန် လျှောက်ထားအပ်ပါသည်။ ပူးတွဲပါ လိုအပ်သော အချက်အလက်များကို တင်ပြအပ်ပါသည်။

လေးစားစွာဖြင့်

လက်မှတ် ____________________

အမည် ____________________

ရာထူး ____________________

ကုမ္ပဏီ/အဖွဲ့အစည်း/လုပ်ငန်းအမည် ____________________

၁။ အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်နှင့်နေရပ်လိပ်စာ..........

..........

..........

၂။ လုပ်ငန်းမှတ်ပုံတင်သည့်နေရာနှင့် ရုံးချုပ်တည်နေရာ..........

..........

..........

၃။ လုပ်ငန်းစတင်ဆောင်ရွက်သည့်ရက်စွဲ( ယခင်က လျှောက်ထားခဲ့ဖူးလျှင် အချက်အလက်များ တင်ပြရန်)..........

..........

..........

၄။ လျှောက်ထားသော လုပ်ငန်းတာဝန်ခံ အကြီးအကဲ၏ အမည်၊ ပညာအရည်အချင်း၊ လုပ်ငန်း အတွေ့အကြုံ၊ အသက်နှင့်လစာ..........

..........

..........

၅။ လုပ်ငန်း၏ လက်ရှိရုံးများအရေအတွက်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအတွင်းရှိ ရုံးခွဲများနှင့်ပတ်သက်သည့်အချက်အလက်များ..........

..........

..........

၆။ အဆိုပြုသည့်ရုံး၏ တည်နေရာ..........

..........

၇။ လုပ်ငန်းနေရာအသစ်ဖွင့်လှစ်လိုသည့်အကြောင်းများ (အသေးစိတ်ဖော်ပြရန်)..........

..........

၈။ အဆိုပြုလျှောက်ထားသောရုံးအား ကြီးကြပ်ခြင်းနှင့်ကြပ်မတ်ခြင်းစနစ်..........

..........

၉။ အဆိုပြု လျှောက်ထားသောရုံး၏ ခန့်မှန်း ကုန်ကျစရိတ်နှင့် တစ်နှစ်အတွက် အနည်းဆုံး ခန့်မှန်းဝင်ငွေ..........

..........

၁၀။ အခြားအကြောင်းအရာများ..........

..........

..........